# ရှမ်းပြည်မြောက်ပိုင်းတွင် ဆက်လက်ဖြစ်ပွားနေသော မြန်မာ့ တပ်မတော်၏ ရာဇဝတ်မှုများအပေါ် အမှန်တရား ဖော်ဆောင်ခြင်းမရှိ။

ကချင်အမျိုးသမီး အစည်းအရုံး-ထိုင်းနိုင်ငံ၏ ရှင်းလင်းချက် စာတမ်း။

# ရှမ်းပြည်မြောက်ပိုင်းတွင် ဆက်လက်ဖြစ်ပွားနေသော မြန်မာ့တပ်မတော်၏ ရာဇဝတ်မှုများအပေါ် အမှန်တရား ဖော်ဆောင်ခြင်းမရှိ။

အပြည်ပြည်ဆိုင်ရာ တရားရုံး (ICJ) တွင် ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ ၁၁ ရက်နေ့က နိုင်ငံတော်၏ အတိုင်ပင်ခံ ပုဂ္ဂိုလ်၏ မိန့်ခွန်းတွင် မြန်မာနိုင်ငံ၏ တရားရေး စနစ်ကို သူက ရှင်းလင်းပြတ်သားစွာ ကာကွယ်ခဲ့ပြီး "မြန်မာနိုင်ငံ ကာကွယ်ရေး တပ်ဖွဲ့များမှ တပ်ဖွဲ့ဝင်များ စစ်ရာဇဝတ်မှုများ ကျူးလွန်ခဲ့ပါက သူတို့ဟာ မြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေနှင့် အညီ ကျွန်မတို့ရဲ့ စစ်ဘက်ဆိုင်ရာ တရားရေး စနစ်မှ တဆင့် အရေးယူခြင်းခံရမည်" ပြောခဲ့သည်။

မိမိတို့နှင့် အမြင်ချင်းမတူညီပါ။

ဤရှင်းလင်းချက်စာတမ်းတွင် မကြာသေးမီအချိန်ဖြစ်သော ယခုနှစ်အတွင်း မတ်လနှင့် သြဂုတ်လများအတွင်း ရှမ်းပြည်နယ်မြောက်ပိုင်း ကွတ်ခိုင်မြို့နယ်အတွင်း ဖြစ်ပွားခဲ့ပြီး တရားမျှတမှု ရရှိခြင်း မရှိသေးသော မြန်မာ့တပ်မတော်၏ နှိပ်စက်ညှင်းပမ်းမှု၊ သတ်ဖြတ်မှုနှင့် အရပ်ဘက်ပစ်မှတ်များကို လက်နက်ကြီးဖြင့် တိုက်ခိုက်မှုများကို စုစည်းတင်ပြထားသည်။

သြဂုတ်လအတွင်းက ဖြစ်ပွားခဲ့သော နှိပ်စက်ညှင်းပမ်းမှု ဖြစ်ရပ်တွင် အသက် ၅၈ နှစ်အရွယ် ဆွံ့အ နားမကြား လယ်သမားတစ်ဦးသည် သူ၏ရွာတွင် ဖမ်းဆီးခံခဲ့ရပြီး မြန်မာ့တပ်မတော် အမှတ် (၈၈) ခြေမြန်တပ်မ မှ တပ်ဖွဲ့ဝင်များက မေးမြန်းစစ်ဆေးခဲ့သောအခါ သူ့အနေဖြင့် ဖြေဆိုနိုင်ခြင်း မရှိသောကြောင့် ရိုက်နှက်ခံခဲ့ရသည်။ သူ့ကို တင့်ကားထဲတွင် ကြိုးဖြင့် ချည်ထားခဲ့ပြီး နှစ်ရက်ကြာအောင် ပျောက်ပတ်မောင်းနှင်ခဲ့သည်။ ထို့နောက်တွင် ကွတ်ခိုင်ရှိ ခြေလျင်တပ်ရင်း အမှတ် (၄၅) တွင် ခြောက်ရက်ကြာအောင် ထိန်းသိမ်းထားခဲ့သည်။

လူသိများသော ၂၀၁၉ ခုနှစ် သြဂုတ်လ ၃၁ ရက်နေ့တွင် အမျိုးသမီး နှစ်ဦးနှင့် ကလေးသုံးဦး သေဆုံးခဲ့သည့် ကွတ်ခိုင်မြို့ မော်ဟစ် ရပ်ကွက် လက်နက်ကြီး ပစ်ခတ်မှုတွင် မျက်မြင်သက်သေများ အားလုံးက သူတို့၏ ရပ်ကွက်တွင် မည်သည့် တိုက်ပွဲမှ ဖြစ်ပွားခြင်းမရှိသော်လည်း လက်နက်ကြီးများကို မြန်မာ့တပ်မတော် တပ်ရင်း ၄၅ စခန်းမှ ပစ်ခတ်ခဲ့ကြောင်း ထွက်ဆိုခဲ့ကြသည်။

ရွာသားများမှာ တိုင်ကြားရန် သို့မဟုတ် တရားစွဲဆိုရန်အတွက် စစ်တပ်အား အလွန်အမင်း ကြောက်ရွံ့နေခဲ့ကြသည်။ မြန်မာ့တပ်မတော်က အရေးယူဆောင်ရွက်ခဲ့သော တစ်ခုတည်းသော ဖြစ်ရပ်မှာ ၂၀၁၉ ခုနှစ် ဇူလိုင် ၃ ရက် ညတွင် ဖြစ်ပွားခဲ့သည့် အသက် ၅၁ နှစ်အရွယ် ဒေါ်ပန်လောင့်အား သတ်ဖြတ်ခဲ့မှုဖြစ်သည်။ ယင်းဖြစ်ရပ်တွင် အထောက်အထားအားလုံးက သူမ၏ ရွာကို ထိုနေ့က ရောက်ရှိလာသော ခြေလျင်တပ်ရင်း ၂၆၁ မှ စစ်သားများအား ညွှန်ပြလျက်ရှိခဲ့သည်။ သို့ရာတွင် စစ်တပ်က ရဲများ၏ ပါဝင်မှုကို ပိတ်ပင်ထားပြီး သူတို့၏ စစ်သားအား ကာကွယ်ရန် ကြိုးပမ်းခဲ့သည်။

ယင်းသည် ၂၀၁၅ ခုနှစ် ဇန္နဝါရီလ ၁၉ ရက် ည ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ဖြစ်ပွားခဲ့သော ကချင်ဆရာမနှစ်ဦးအား သတ်ဖြတ်မှုနှင့် အလွန်ပင် ဆင်တူသည်။ ယင်းအဖြစ်အပျက်တွင် အထောက်အထားများက သူတို့၏ ရွာသို့ မကြာမီက ရောက်ရှိလာသော ခြေမြန်တပ်ရင်း ၅၀၃ ကို ရှင်းလင်းစွာ ညွှန်ပြလျက်ရှိသော်လည်း ယနေ့တိုင် အမှန်တရားမှာ တိမ်မြုပ်နေဆဲ ဖြစ်သည့်။ ဆေးဝန်ထမ်းများအား ရင်ခွဲ စစ်ဆေးမှု အထောက်အထားများကို ထုတ်ဖော်ခြင်းမပြုရန်အတွက် စစ်တပ်က ခြိမ်းခြောက်ခဲ့ပြီး တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ကိုယ်တိုင် စစ်တပ်၏ ပါဝင်ပတ်သက်မှုကို ပြောဆိုသောမည်သူကိုမဆို တရားစွဲဆိုမည်ဟု လူသိထင်ရှား ခြိမ်းခြောက်ခဲ့သည်။ ယနေ့ထက်တိုင် မုဒိန်းကျင့် သတ်ဖြတ်မှုကိုသာမက အပြင်းအထန် နှိပ်စက်ညှင်းပမ်းပြီး ခန္ဓာကိုယ်အစိတ်အပိုင်းများ ဖြတ်တောက်ခံခဲ့ရသည့် ဆရာမနှစ်ဦးအပေါ် ဆိုးရွား ထိတ်လန့်ဖွယ် ရာဇဝတ်မှုကို ကျူးလွန်သူများသည် အရေးယူခံရခြင်းမှ လုံးဝ ဉသုံ့ပင် ကင်းလွတ်လျက်ရှိနေသည်။

မြန်မာ စစ်တပ်၏ တရားရေး စနစ်အောက်တွင် အမှန်တရားကို ဖော်ဆောင်ခြင်းမရှိသည်ကို ရှင်းလင်းစွာ မြင်ရသည်။ တချိန်တည်းမှာပင် စစ်တပ်အား ကြောက်ရွံ့နေမှုသည် အရပ်ဘက် တရားရေး စနစ်ကို အလုပ်မဖြစ်အောင် တားဆီးလျက်ရှိသည်။ စစ်တပ်အပေါ် စွပ်စွဲထားသော အမှုများကို ရှေ့နေများက လက်ခံရန်

ကြောက်ရွံ့ကြပြီး ရှားရှားပါးပါး လက်ခံခဲ့သည့်အခါများတွင်ပင် အမှုများမှာ ပယ်ဖျက်ခံရသည်။ ဥပမာအားဖြင့် ၂၀၁၁ ခုနှစ် အောက်တိုဘာလတွင် မြန်မာတပ်မတော်၏ ဖမ်းဆီးခြင်း၊ လိင်ဆိုင်ရာ ကျူးလွန်စော်ကားခြင်းနှင့် သတ်ဖြတ်ခြင်းကို ခံရသည့် အသက် ၂၈ နှစ်အရွယ် ဆွမ်လွတ်ရွယ်ဂျာ၏ အမှုတွင် တရားလွှတ်တော်က "အထောက်အထားခိုင်လုံမှုမရှိ" ဟုဆိုကာ ပယ်ချခဲ့သည်။

တိုင်းရင်းသားဒေသများတွင် မြန်မာ့တပ်မတော်၏ ဆက်လက် ကျူးကျော်တိုးချဲ့မှုများနှင့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေအောက်တွင် ရရှိထားသော သူတို့၏ လုပ်ပိုင်ခွင့်အာဏာတို့သည် မြန်မာနိုင်ငံတွင် တရားမျှတမှုအပေါ် အဓိက စိန်ခေါ်ချက်များ ဖြစ်သည်။

သို့ဖြစ်ရာ ကချင်အမျိုးသမီး အစည်းအရုံး-ထိုင်းနိုင်ငံသည် အရပ်သားများ၏ အသက်နှင့်ဘဝများ လုံခြုံမှု ရှိစေရန်နှင့် မြန်မာနိုင်ငံရှိ တိုင်းရင်းသား ပြည်သူအားလုံးအတွက် တန်းတူညီမျှမှုနှင့် တရားမျှတမှုကို အာမခံသော ဖက်ဒရယ် ဖွဲ့စည်းပုံ အခြေခံဥပဒေအသစ် ပေါ်ပေါက်လာစေရေးအတွက် အားလုံးပါဝင်သော နိုင်ငံရေး ဆွေးနွေးညှိနှိုင်းမှုများ စတင်နိုင်စေရန် နိုင်ငံတဝှမ်းတွင် စစ်ဘက်ဆိုင်ရာ စစ်ဆင်ရေးများရပ်တန့်ပြီး တိုင်းရင်းသားဒေသများမှ တပ်ဖွဲ့များအားလုံး ပြန်လည် ရုတ်သိမ်းရန် မြန်မာ့တပ်မတော်အား အရေးတကြီး တောင်းဆိုလိုက်သည်။

**မှတ်တမ်းတင်ထားသော အဖြစ်အပျက်များ၏ အကျဉ်းချုပ်**

| စဉ် | ရက်စွဲ | ချိုးဖောက်မှုများ ခံစားရသည့် လူပုဂ္ဂိုလ်များ (ကျား/မ) အသက် | နေရာ | ချိုးဖောက်မှု အမျိုးအစား | ကျူးလွန်သည့် မြန်မာ့ တပ်မတော် တပ်ရင်း တပ်ဖွဲ့များ |
|---|---|---|---|---|---|
| ၁။ | ၂၀၁၉ မတ်လ ၁၃ ရက် | ကျား၊ ၄၅ နှစ် | ကွတ်ခိုင်မြို့ ရပ်ကွက် ၂ | ဖမ်းဆီးခြင်း၊ နှိပ်စက်ညှင်းပမ်းခြင်း | တပ်မ ၉၉ |
| ၂။ | ၂၀၁၉ မေလ ၈ ရက် | ကျား၊ ၃၅ နှစ် | နောင်ဟိုင်ရွာ၊ ကွတ်ခိုင် | ဖမ်းဆီးခြင်း၊ နှိပ်စက်ညှင်းပမ်းခြင်း | တပ်မ ၉၉၊ ခလရ ၄၅ |
| ၃။ | ၂၀၁၉ ဇူလိုင် ၃ ရက် | မ၊ ၅၁ နှစ် | နမ့်ဆွန်ရွာ၊ ကွတ်ခိုင် | လုယက်ခြင်း၊ သတ်ဖြတ်ခြင်း | ခလရ ၂၆၁ ဟု သံသယရှိ |
| ၄။ | ၂၀၁၉ ဩဂုတ် ၁၈ ရက် | အိမ်တစ်လုံး ပျက်စီး | ဟူနောင်ရွာ၊ ကွတ်ခိုင် | အရပ်သား နေထိုင်ရာ နယ်မြေကို လေကြောင်းမှ ပုံးကြဲတိုက်ခိုက်ခြင်း | မြန်မာ့ တပ်မတော် လေယာဉ် |
| ၅။ | ၂၀၁၉ ဩဂုတ် ၂၁ ရက် | ကျား၊ ၅၈ နှစ်၊ (ဆွံ့အ နားမကြား လယ်သမား) | နောင်စီးရွာ၊ ကွတ်ခိုင် | ဖမ်းဆီးခြင်း၊ ချည်နှောင်ခြင်း၊ နှိပ်စက်ညှင်းပမ်းခြင်း၊ ၈ ရက်ကြာ ထိန်းသိမ်းထားခြင်း | တပ်မ ၈၈ |

| | | | | | |
|---|---|---|---|---|---|
| ၆။ | ၂၀၁၉ ဩဂုတ် ၃၁ ရက် | သတ်ခံရသူများ<br>1. မ၊ ၃၄ နှစ်<br>2. မ၊ ၁၉ နှစ်<br>3. မ၊ ၁၄ နှစ်<br>4. မ၊ ၈ နှစ်<br>5. မ၊ ၄ လ<br>ဒဏ်ရာရသူများ<br>1. မ၊ ၁၇ နှစ်<br>2. ကျား၊ ၂၅ နှစ်<br>3. ကျား၊ ၄၀ နှစ် | မော်ဟစ်၊ ကွတ်ခိုင်မြို့ | အရပ်သား အိမ်ခြေများအား လက်နက်ကြီးဖြင့် ပစ်ခြင်း | ခလရ ၄၅ |

## နှိပ်စက်ညှင်းပမ်းခြင်း နှင့် အရပ်သား နေရာများအပေါ် ဗုံးကြဲခြင်း/လက်နက်ကြီးဖြင့် ပစ်ခြင်း ဖြစ်ရပ်များအား ဖော်ပြချက်။

## နှိပ်စက်ညှင်းပမ်းခြင်း

ကွတ်ခိုင်တွင် ကားရပ်ခြင်းကြောင့် လက်သမားဆရာ နှိပ်စက်ခံရခြင်း

၂၀၁၉ ခုနှစ် မတ်လ ၁၃ ရက် ညနေပိုင်းတွင် အသက် ၄၅ နှစ်အရွယ် လက်သမားဆရာတစ်ဦးသည် ကွတ်ခိုင်မြို့ရှိ သူ့သမီး၏ အဆောင်မှ သစ်သားပြား အချို့ယူဆောင်ရန် ကားမောင်းလာခဲ့သည်။ သူ့မိန်းမကို ဖုန်းခေါ်ရန်အတွက် ကွတ်ခိုင် ပြည်သူ့ဆေးရုံအနီးတွင် ကားကို ရပ်လိုက်သောအခါ လူအချို့က သူ၏ကား တံခါးကို ဖွင့်ရန် ကြိုးစားခဲ့ပြီး သူ့ကို ဆွဲချကာ အတင်းအဓမ္မ ဆေးရုံရေခဲတိုက်ကို သွားစေခဲ့သည်။ ထို့နောက် တပ်မ ၉၉ မှ မြန်မာ့တပ်မတော်မှ စစ်သား ငါးဦးရောက်လာပြီး သူ့လက်များကို သူ၏ နောက်ကျောတွင် ကြိုးဖြင့် ချည်ကာ သူ့အား လေးကြိမ်ပါးရိုက်ခဲ့ပြီး သူ၏ ညာဖက်ကို ပြင်းပြင်းထန်ထန် ကန်ခဲ့သည်။ သူ၏ မျက်စိပေါ်တွင် အဝတ်ဖြင့် တင်းတင်းကြပ်ကြပ် စည်းနှောင်ပြီး အိမ်တလုံးသို့ ကားဖြင့် ခေါ်ဆောင်သွားခဲ့သည်။ ထိုနေရာတွင် သူ့ကို လက်နောက်ပြန်ဖြင့် လက်ထိပ်ခတ်ပြီး အတင်းအဓမ္မ ဒူးထောက်စေခဲ့သည်။ ထို့နောက် သူ့ကို ထိုနေရာတွင် ဘာလာလုပ်သည်နှင့် သူ၏ အလုပ်အကြောင်းများကို မေးခွန်းများ မေးမြန်းသည်။ ထို့နောက် သူ၏ လည်ပင်းကို ဓားဖြင့် ထောက်ပြီး အိမ်အပြင်သို့ခေါ်ဆောင်လာခဲ့ကြသည်။ သူ့ကိုလည်း "သေဖို့ပြင်ထား" ဟု ပြောသည်။ ထို့နောက် သူ့ကို မေးခွန်းများ ထပ်မံမေးမြန်းပြီး ကားထဲသို့ ပြန်လည်တွန်းသွင်းခဲ့ကာ နောက်တနေရာသို့ မောင်းနှင် သွားခဲ့သည်။ မျက်စိစည်းထားသည်ကို ဖြုတ်ပေးလိုက်သော်လည်း ပြန်မြင်လာအောင် အချိန်အနည်းငယ် ယူလိုက်ရသည်။ သူသည် ကွတ်ခိုင်မြို့ရှိ တာရာကုန်း ရပ်ကွက်တွင် ရောက်နေကြောင်း သိလိုက်ရသည်။ ထို့နောက် သူသည် မျက်နာနှင့် အကျီများပေါ်တွင် သွေးများ ပေကျန်လျက် သူ့အိမ်ပြန်လာခဲ့သည်။ သူသည် ငါးရက်ကြာအောင် ဆေးကုသမှု ခံယူခဲ့ရသည်။

အသီးအရွက်ရှာသော စစ်ဘေးရှောင်ပြည်သူ တစ်ဦး နှိပ်စက်ညှင်းပမ်းခံရခြင်း

၂၀၁၉ ခုနှစ် မေလ ၈ ရက်တွင် ကွတ်ခိုင်မြို့တောင်ဘက်ရှိ ဖွပ်အောင် စစ်ဘေးရှောင်စခန်းမှ အသက် ၃၅ နှစ်အရွယ် "ZM" ဆိုသူသည် သူ့မိသားစုအတွက် အသီးအရွက်များကောက်ပြီး ပြန်လာသည့်အခါ သူနှင့် အခြား စစ်ဘေးရှောင် တစ်ဦးကို မြန်မာ့တပ်မတော် တပ်မ ၉၉ နှင့် ခလရ ၄၅ မှ စစ်သားများက ရပ်တန့်ခိုင်းခဲ့သည်။ စစ်ဘေးရှောင်ပြည်သူများကို KIA စစ်သားများအဖြစ် စွပ်စွဲခဲ့သည်။ လူနှစ်ယောက်ကို သီးခြား ခွဲလိုက်ပြီး ZM ကို စစ်သားငါးယောက်က အိမ်တစ်လုံးသို့ ခေါ်ဆောင် သွားခဲ့သည်။ သူတို့က သူ့ကို "ဒီနေ့ မနက် ငါတို့ကို သေနတ်နဲ့ ငါးချက် အပစ်ခံ ရတယ်။ မင်းက သူတို့ ပစ်တဲ့ဘက်ကနေ လာခဲ့တယ်"ဟု ပြောခဲ့သည်။ သူက စွပ်စွဲချက်များကို ငြင်းဆို သောအခါ စစ်သားများ ထဲမှ တစ်ယောက်က သူ၏ ခေါင်း၊ နောက်ကျောနှင့် ပုခုံးများကို ထိုးနက်

ကန်ကျောက် ခဲ့သည်။ သူတို့က သူ၏ ခေါင်းကို သေနတ်ဖြင့် တေ့ထားပြီး သူ့ အား လက်ပစ်ဗုံး တစ်လုံးကို ၁၅ မိနစ်ကြာအောင် ကိုက်ထား စေခဲ့ သည်။ နောက်ဆုံး ပြန် မလွှတ်မီအထိ သူ့ကို သူ၏ သူငယ်ချင်းနှင့် အတူ သုံးနာရီခန့် ထိန်းသိမ်းထားခဲ့သည်။ စစ်သားများက သူတို့ကို မှားယွင်းဖမ်းဆီးခဲ့ခြင်းအတွက် တောင်းပန်ခဲ့သည်။

ဆွံ့အ နားမကြားသူအား ရှစ်ရက်ကြာ ထိန်းသိမ်း နှိပ်စက်ခဲ့ခြင်း

၂၀၁၉ ခုနှစ် ဩဂုတ်လ ၂၁ ရက် နေ့ နံနက် ၇ နာရီခန့်တွင် ကွတ်ခိုင်မြို့၏ မြောက်ဘက် နှစ်မိုင်ခန့်အကွာရှိ နောင်ဆွေးကျေးရွာရှိ ညီမဖြစ်သူ၏ အိမ်တွင် အသက် ၅၈ နှစ်ရှိ ဆွံ့အ နားမကြား လယ်သမားတစ်ဦးသည် နံနက်စာ ချက်ပြုတ်နေစဉ် မြန်မာစစ်တပ်မှ စစ်သားအများအပြား ရွာထဲသို့ ရောက်ရှိလာပြီး ရွာသားများကို မေးခွန်းများ မေးမြန်းခဲ့သည်။ သူ့ကိုလည်း မေးခွန်းများမေးခဲ့ပြီး သူက မဖြေနိုင်သောအခါ သူ့ကို ရိုက်နက်ကာ ကြိုးဖြင့်ချည်ပြီး သံချပ်ကာ ကားတစ်စီးပေါ်သို့ တင်ခဲ့သည်။ အခြားသော ရွာသားများလည်း ကြိုးဖြင့် အချည်ခံရပြီး မေးမြန်းခံရသည်။ စစ်သားများသည် တပ်မ ၈၈ မှ စစ်သားများဖြစ်ကြသည်။ စစ်သားများသည် သူ၏ အင်္ကျီကို ဆုတ်ဖြဲပြီး သူ့မျက်စိကို အဝတ်ဖြင့် စည်းလိုက်သည်။ တင့်ကားလှည့်ပတ်သွားနေစဉ် သူ့ကို တင့်ကားအတွင်းတွင် ထားရှိပြီး စစ်သားများက သူတို့မေးခွန်းကို မဖြေသည့်အတွက် ရိုက်နက်ကြသည်။ စစ်သားများမှာ တပ်မ ၈၈ မှဖြစ်သည်။ တင့်ကားအတွင်း နှစ်ရက်ကြာပြီးနောက်တွင် သူ့ကို ကွတ်ခိုင်အနီးရှိ ခလရ ၄၅ တပ်ရင်းစခန်းသို့ လွှဲပြောင်းပေးလိုက်ပြီး ခြောက်ရက်ကြာ ဆက်လက်ထိန်းသိမ်းထားသည်။ ထိန်းသိမ်းထားစဉ်အတွင်း သူ၏ လက်များကို ခေါင်းပေါ်တင်လျက် ဆောင့်ကြောင့်ထိုင်စေသည်။ သူ၏ ညီမက ခလရ ၄၅ စခန်းကို လိုက်လံမေးမြန်း ရှာဖွေပြီးနောက် ဩဂုတ်လ ၂၈ ရက်တွင်မှ နောက်ဆုံးတွင် သူ့ကို ပြန်လွှတ်ပေးခဲ့သည်။ သူမက သူ့ကို ရက်ပေါင်းများစွာ ဆောက်တည်ရာမရ ရှာဖွေနေခဲ့ခြင်းဖြစ်သည်။ သူ့ကို ညီမဖြစ်သူထံ ပြန်လွှဲပြောင်းပေးသည့် အချိန်တွင် သူသည် လမ်းပင် ကောင်းကောင်း မလျှောက်နိုင်ပါ။ သူသည် စစ်သားများကို အပေါ့အလေးသွားလိုကြောင်း မပြောနိုင်သည့်အတွက် အလွန်ညစ်ပတ်ပေကျံနေသော ဖမ်းဆီးသွားစဉ်က အဝတ်များကိုသာ ဝတ်ဆင်ထားသည်။ သူ၏ လည်ပင်း၊ လက်ကောက်ဝတ်နှင့် ခြေကျင်းဝတ်များ ပတ်လည်တွင် ကြိုးဖြင့် ချည်နှောင် ဆွဲခေါ် ခြင်းခံထားရခဲ့ခြင်းကြောင့် အနာများ ဖြစ်နေသည်။

## အရပ်သားနေရာများကို မြန်မာ့တပ်မတော်က လေကြောင်းမှ ဗုံးကြဲခြင်းနှင့် လက်နက်ကြီးဖြင့် ပစ်ခတ်ခြင်းများ

ရွာအတွင်း လေကြောင်းမှ ဗုံးကြဲ ခြင်းကြောင့် အိမ်များ ပျက်စီးခြင်း


၂၀၁၉ ခုနှစ် ဩဂုတ်လ ၁၈ ရက်နေ့ နံနက် ၉ နာရီနှင့် ၁၀ နာရီ အကြားတွင် မူဆယ်လမ်းမကြီး နံဘေးရှိ ကွတ်ခိုင်မြို့ မြောက်ဘက် ၈ မိုင်အကွာ ဟူနောင်ကျေးရွာ အပေါ်တွင် ရဟတ်ယာဉ် နှစ်စီးဖြင့် ပျံသန်းပြီး ရွာပေါ်သို့ ဗုံးသုံးလုံး ကျဲချခဲ့သဖြင့် ဦး လဗျာလဒီး ပိုင်ဆိုင်သော အိမ်နှင့် စပါးခင်းများ ပျက်စီးခဲ့သည်။ ရဟတ်ယာဉ်များမှာ အလွန်နိမ့်စွာ ပျံသန်းခဲ့သော ကြောင့် ရွာသား များမှာ အလွန် ကြောက်ရွံ့ခဲ့ကြသည်။ မြေပြင်တွင် တိုက်ပွဲဖြစ်နေသည့်အလား ဖြစ်ကြောင်း၊ သူတို့ကကျည်ဆံများမှ လွတ်အောင် တောထဲသို့ ပြေးဝင် ပုန်းအောင်း နိုင်ခဲ့



ကြကြောင်း သို့ရာတွင် ရဟတ်ယာဉ်များက ကောင်းကင်မှ ဗုံးများ ကြဲချသည့် အခါတွင်မူ သူတို့ အနေဖြင့် မည်သို့ ပုန်းအောင်းရမည်ကို မသိကြ တော့ကြောင်း ပြောပြကြသည်။ ဟူနောင်ရွာတွင် အိမ်ခြေ ၅ဝ ခန့်ရှိပြီး လူဦးရေ ၁၇ဝ ကျော်ရှိသည်။

ကွတ်ခိုင်မြို့အတွင်း လက်နက်ကြီးပစ်ခတ်မှုကြောင့် ၅ ဦးသေ၊ သုံးဦး ဒဏ်ရာရ

၂ဝ၁၉ ခုနှစ် ဩဂုတ်လ ၃၁ ရက်နေ့ နံနက် ၈ နာရီခန့်တွင် ကွတ်ခိုင်မြို့ တောင်ပိုင်း လားရှိုးသို့ သွားရာ လမ်းပေါ်ရှိ အောင်ချမ်းသာ ထမင်းဆိုင် အနီးတွင် မြောက်ပိုင်း ညီနောင်မဟာမိတ် သုံးဖွဲ့နှင့် တပ်မတော်တို့ အကြား တိုက်ပွဲ ဖြစ်ပွားခဲ့သည်။ ကွတ်ခိုင်မြို့အတွင်းတွင် တိုက်ပွဲ မဖြစ်ခဲ့ပါ။ သို့ရာတွင် နံနက် ၁ဝ နာရီခွဲ ခန့်တွင် မြို့အနောက်ဘက်ရှိ ခြေလျင် တပ်ရင်း ၄၅ မှ မြို့မြောက် ဘက်ရှိ အိမ်ခြေ ၁၄ဝ ခန့်ရှိသော မော်ဟစ် ရပ်ကွက် လူနေ အိမ်ခြေများ ရှိရာသို့ လက်နက် ကြီးများဖြင့် ရုတ်တရက် ဦးတည်ပစ်ခတ်ခဲ့သည်။ လက်နက်ကြီး ပစ်ခတ်မှုများ စတင် သည့် အခါ အသက် ၄ဝ နှစ် အရွယ် ဟန်ကောင်ဂျွန်းဒေါင်က သူ၏ မိန်းမနှင့် သမီးကို အကာ အကွယ်ယူရန် အိမ်မှ ပေးသည့်နေရာသို့ ပို့ဆောင်ခဲ့ပြီး အိမ်တံခါးကို သော့ခတ်နေစဉ် ပေ ၄ဝ ခန့်ဝေးသော ထင်းရှူးပင်ကို လက်နက်ကြီးကျည်ကျရောက်ပေါက်ကွဲပြီး ကျည်စများ လွင့်စင်လာခဲ့သည်။ သူ၏ ဦးခေါင်းနှင့် တံတောင်ဆစ် တို့ကို ထိမှန်ခဲ့ပြီး သွေးများ ထွက်လာ ခဲ့သည်။ သူ့ကို ကွတ်ခိုင်ဆေးရုံသို့ ပို့ဆောင်ခဲ့ပြီး ဆေးရုံတွင်



ခွဲစိတ် မှုနှင့် သွေးသွင်း ကုသမှုတို့ ခံယူ ခဲ့ရသည်။ သူသည် ဆေးရုံတွင် ၈ ရက်တက်ရောက်ခဲ့ရသည်။ အခြား မော်ဟစ်ရပ်ကွက်ရှိ အသက် ၃၇ နှစ်အရွယ် ကချင် ဆောက်လုပ်ရေး အလုပ်သမား ဇခန်ဇော်ဘောက်သည် သူ့အတွက် အိမ်အသစ်တစ်လုံးကို အိမ်ဟောင်းနံဘေးတွင် မိသားစုများနှင့် အိမ်နီးချင်းများ အပါအဝင် အခြား လူ ၈ ဦးနှင့် အတူ ဆောက်လုပ်နေခဲ့သည်။ သူသည် အိမ်ခေါင်မိုးကို သွပ်ပြား မိုးလျက်ရှိနေစဉ် အနီးအနားရှိ

လမ်းမပေါ်တွင် လက်နက်ကြီး ကျည်ဆံတစ်ခု နှင့် နောက်တစ်ခုမှာ ရွာထိပ်တွင် ပေါက်ကွဲခဲ့သည်ကို တွေ့မြင်လိုက်ရသည်။ သူတို့၏ ရပ်ကွက်ကို လက်နက်ကြီးဖြင့် တည့်တည့် ပစ်ခတ်နေသည်ကို သိလိုက်ရသောအခါ သူသည် အမိုးပေါ်မှ ဆင်းလာပြီး သူ၏ မိန်းမနှင့် ကလေးများကို လုံခြုံမှုရှိစေရန် အတွက် သူတို့၏ အိမ်ဟောင်းအတွင်း သွားရောက် နေရန် ပြောခဲ့သည်။ အိမ်နီးချင်းဖြစ်သော မေရီလုဆန်၊ သူမ၏ ကလေးငယ်နှင့် အသက် ၁၇ နှစ်အရွယ် ညီမ ဖြစ်သူတို့လည်း သူတို့၏ အိမ်တွင် ပုန်းခိုရန် လာရောက်ခဲ့ကြသည်။ သူက အိမ်ခြံစည်းရိုးတွင် ခိုလှုံရန်အတွက် မြေကတုတ်ကျင်း တစ်ခုကို ပြင်ဆင်ရန် အိမ်အပြင်တွင် ရှိနေခဲ့သည်။

နံနက် ၁၁ နာရီခန့်တွင် လက်နက်ကြီး ကျည်တစ်ခုသည် သူ၏ မိသားစု ပုန်းအောင်း ခိုလှုံနေသော ဇခုန်ဇော်ဘောက်၏ အိမ်ဟောင်းပေါ်သို့ တည့်တည့် ကျရောက်ခဲ့သည်။ သူက ယောက်ဖ ဖြစ်သူ ဘောက်လာမှာ အိမ်ဟောင်းရှေ့တွင် ဇောက်ထိုးမိုးမျှော်ဖြစ်နေသည်ကို တွေ့ခဲ့ရသည်။ သူက ဘောက်လာကို ပြေးပွေ့လိုက်ပြီး အိမ်အတွင်းသို့ ကြည့်လိုက်သည့်အခါ မိန်းမများနှင့် ကလေးများအားလုံး မြေကြီးပေါ်တွင် လဲလျက်ရှိသည်ကို တွေ့လိုက်ရသည်။ ပေါက်ကွဲသည့်အချိန်တွင်ပင် နှစ်ဦးမှာ ပွဲချင်းပြီး သေဆုံးခဲ့သည်။ အသက် ၁၄ နှစ်အရွယ် သမီးဖြစ်သူ ဇခုန်နန်းမွန်းပန်နှင့် သူ၏ အိမ်နီးချင်း မေရီလုဆန် တို့ ဖြစ်သည်။ သူ၏ ၈ နှစ်အရွယ်သားဖြစ်သူ ဇခုန်ဂျာခွမ်းလတ်မှာ အိမ်အပြင်သို့သယ်ထုတ်ပြီး မကြာမီတွင် သေဆုံးသွားခဲ့သည်။ သူ၏ ဇနီးဖြစ်သူ အသက် ၃၄ နှစ်အရွယ် ဆွမ်လွတ်ထွယ်ဂျာကို ကွတ်ခိုင်ဆေးရုံသို့ အမြန်ဆုံး သယ်ဆောင်သွားသော်လည်း ဆေးရုံသို့ ရောက်ရှိပြီး ၁၅ မိနစ်အကြာတွင် သေဆုံးသွားခဲ့သည်။ မေရီလုဆန်၏ လေးလသားအရွယ် ကလေးငယ်မှာ အသက်ရှူနေသေးပုံရသဖြင့် အခြားအိမ်တစ်လုံးသို့ခေါ်ဆောင်သွားခဲ့သော်လည်း ထိုနေရာတွင် သေဆုံးသွားခဲ့သည်။ မေရီလုဆန်၏ အသက် ၁၇ နှစ်အရွယ် ညီမဖြစ်သူ ရွယ်ဘူ တစ်ဦးသာ အသက်ရှင်သည်။ သူမသည် ပုခုံးနှင့် ခြေထောက်တွင် ဒဏ်ရာ ရခဲ့သည်။ သူမနှင့် ဘောက်လာတို့ကို ပထမတွင် ကွတ်ခိုင်ဆေးရုံသို့ သယ်ဆောင်သွားခဲ့ပြီး နောက်ပိုင်းတွင် လားရှိုးဆေးရုံသို့ လွှဲပြောင်းခဲ့သည်။ သူတို့နှစ်ဦးကို ဆေးရုံတွင် ၁၁ ရက်ကြာ ကုသခဲ့ရသည်။ လက်နက်ကြီး ကြောင့် စုစုပေါင်း လူငါးဦးသေဆုံးခဲ့ပြီး သုံးဦး ဒဏ်ရာ ရရှိခဲ့သည်။ စက်တင်ဘာ ၁ ရက်နေ့တွင် အသုဘ ကျင်းပပြီး သေဆုံးသူများကို မြေမြှုပ်ခဲ့သည်။ ကွတ်ခိုင် အနီးတဝိုက်ရှိ တရားဟောဆရာများ အသုဘသို့လာရောက်ခဲ့ကြပြီး လူ ၂၀၀၀ ခန့်တက်ရောက်ခဲ့သည်။

၂၀၁၉ ခုနှစ် ဇူလိုင်လ ၃ ရက် ညတွင် ကွတ်ခိုင် နမ့်ဆုန်ကျေးရွာမှ ပန်လောင့် အသတ်ခံရသည့် အသေးစိတ် အချိန်ဇယားနှင့် ခွဲခြမ်းစိတ်ဖြာ သုံးသပ်ချက်။

နမ့်ဆုန်၏ နောက်ခံသမိုင်းကြောင်း

နမ့်ဆုန်ရွာ (သို့မဟုတ် နမ့်ဆောင်ခ)သည် ကွတ်ခိုင်မြို့နယ် အနောက်ပိုင်း ပိန်းပုံ (ပြင်ပုံ) ကျေးရွာအုပ်စုတွင် တည်ရှိသည်။ ၂၀၁၁ ခုနှစ် မတိုင်မီက ရွာတွင် အိမ်ထောင်စု ၈၀ ခန့် နှင့် လူဦးရေ ၂၈၀ ရှိခဲ့ပြီး ကချင်၊ တရုတ်၊ ရှမ်း၊ တအာင်းနှင့် မြန်မာလူမျိုးများ နေထိုင်ကြသည်။
ရွာသည် ဂေးလံခေါင်ဖျားသော တောင်ပေါ် ဒေသတွင် နမ့်ဖတ်ကာမှ မန်တုန်မြို့နယ် မန်မုန်သို့ သွားသော ကားလမ်းပေါ်တွင် တည်ရှိသည်။ အခြေချနေထိုင်သူများသည် တောင်ယာ လုပ်ငန်းနှင့် ကုန်သွယ်မှုတို့မှ ဝင်ငွေ ရှာဖွေကြသည်။

၂၀၁၁ ခုနှစ်မြန်မာ့တပ်မတော်က ၁၇ နှစ်တာ အပစ်အခတ်ရပ်စဲရေးကို ချိုးဖောက်ပြီး ကချင်လွတ်လပ်ရေး တပ်မတော်ကို တကျော့ပြန်စစ်ပွဲ ဆင်နွှဲသည့်အခါ ထိုနယ်မြေတွင် ကြီးမားကျယ်ပြန့်သော ထိုးစစ်ကြီးကို ဆင်နွှဲခဲ့သည်။

၂၀၁၁ ခုနှစ်ဒီဇင်ဘာလတွင်နမ့်ဆုန်မြောက်ဘက်နမ့်လက်ပ်တောင်တန်းတွင်ပြင်းထန်သောတိုက်ပွဲများ ဖြစ်ပွား ခဲ့သဖြင့် ရွာသူရွာသားများမှာ သုံးရက်ကြာအောင် တောများထဲတွင် ပုန်းအောင်းနေခဲ့ကြရသည်။ ထို့နောက်တွင် နမ့်ဆုန်ကျေးရွာသားများအားလုံးသည် နမ့်ဖတ်ကာတွင် ခိုလှုံခဲ့ပြီး စစ်ဘေးရှောင် စခန်းတစ်ခုတွင် နေထိုင်ခဲ့ကြသည်။

၂၀၁၆ ခုနှစ် မတ်လတွင် ရွာသားများက ဘုရားကျောင်းသစ်တည်ဆောက်ရန် ရည်ရွယ်ထားသည့် ရွာ၏ မြောက်ဘက်ထိပ်ရှိ တောင်ကုန်းတွင် မြန်မာစစ်တပ်က အမြဲတမ်း စခန်းတစ်ခု တည်ဆောက်ခဲ့သည်။ စခန်းသို့

တပ်ရင်း အသီးသီး ဂင်ထွက်အခြေစိုက်ခဲ့ပြီး ထိုနေရာတွင် တပ်အင်အား ၂၀ ခန့်အမြဲတမ်း စခန်းထိုင်ခဲ့သည်။ ၂၀၁၉ ခုနှစ် မေလ အစောပိုင်းတွင် ခလရ ၂၆၁ မှ တပ်ဖွဲ့များ စခန်းသို့ ရောက်ရှိလာခဲ့သည်။ ယင်းမတိုင်မီက တပ်မ ၈၈ မှ တပ်ဖွဲ့များက စခန်းထိုင်ခဲ့သည်။

၂၀၁၉ ခုနှစ် ဇူလိုင်လသို့ ရောက်သည့်အခါ နမ့်ဆုန်တွင် မူလက အခြေစိုက်နေထိုင်ခဲ့သော ရွာသူရွာသား ၈၀ ခန့် ရွာသို့ပြန်လာခဲ့ကြပြီး မူရင်း နေအိမ် ၂၀ ခန့်တွင် နေထိုင်နေခဲ့သည်။ အသက် ၅၁ နှစ်အရွယ် ပန်လောင့်သည်လည်း ယခင်က သူ၏ ကုန်စုံဆိုင်ကို ပြန်လည်ဖွင့်လှစ်ရန် ပြန်လာခဲ့သည်။ သူမက ယောက်ျားဖြစ်သူနှင့် အသက် ၁၂ နှစ်နှင့် ၁၄ နှစ်အရွယ်ကလေးနှစ်ဦးကို ကျောင်းတက်ရန် နမ့်ဖတ်ကာတွင် ချန်ထားခဲ့သည်။

မဟာဗျူဟာကျသော နမ့်ဆုန်

၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၂၁ ရက်မှ ၂၀၁၉ ခုနှစ် စက်တင်ဘာလ ၂၁ ရက်နေ့အထိ မြန်မာ့တပ်မတော်က ကွတ်ခိုင်ကို လွှမ်းခြုံသည့် အရှေ့မြောက်တိုင်း စစ်ဌာနချုပ် အပါအဝင် ကချင်၊ ရှမ်းနှင့် ကရင်နီ ပြည်နယ်များအတွင်းရှိ စစ်တိုင်း ၅ ခုတွင် တစ်ဖက်သတ် အပြစ်အခတ်ရပ်စဲကြောင်း ကျေညာခဲ့သည်။ သို့ရာတွင် မြန်မာ့တပ်မတော်သည် တိုက်ခိုက်ရေး တပ်မများကို ဆက်လက်ချထားခဲ့ပြီး ဤနေရာများတွင် တိုင်းရင်းသား လက်နက်ကိုင် တပ်ဖွဲ့များကို စစ်ဆင်ရေးများ ဆက်လက် လုပ်ဆောင်ခဲ့သည်။

စစ်ရေးတိုးချဲ့မှုအတွက် အဓိက အကြောင်းရင်းမှာ စီစဉ်ထားသော တရုတ်-မြန်မာစီးပွားရေး စင်္ကြံ (CMEC) အပါအဝင် မဟာဗျူဟာမြောက် ကုန်သွယ်ရေးလမ်းကြောင်းများနှင့် ရင်းနှီးမြှုပ်နှံမှု စီမံကိန်းများ အတွက် လုံခြုံရေးပေးရန် ဖြစ်သည်။ CMEC ၏ အဓိက အစိတ်အပိုင်းသည် ကွတ်ခိုင် အနောက်ပိုင်းကို ဖြတ်သွားသည့် မူဆယ်၊ လားရှိုး၊ မန္တလေး ဆက်သွယ် မည့် မြန်နှုန်းမြင့် မီးရထားလမ်း ပါဝင်ပြီး ရထားလမ်း အတွက် ဖြစ်နိုင်ချေ လေ့လာ စမ်းစစ် မှုများကို ၂၀၁၉ ခုနှစ် ပထမ နှစ်ဝက်တွင် လုပ်ဆောင်ခဲ့ပြီး ဖြစ်သည်။ နမ့်ဆုန် ကျေးရွာသည် စီစဉ်ထား သော ရထားလမ်း လမ်းကြောင်း ၏ အနောက်ဘက် ကီလိုမီတာ အနည်းငယ် အကွာတွင်သာ တည်ရှိသည်။





သတ်ဖြတ်မှုဖြစ်စဉ် အချိန်ဇယား

၂၀၁၉ ဇူလိုင်လ ၃ ရက်။ နေ့လည် ၁ နာရီ ပတ်ဝန်းကျင်။ နမ့်ဖတ်ကာမှ ကားလမ်း အတိုင်း ခလရ ၂၆၁ မှ အင်အား ၈၀ ခန့် ရှိသော တပ်ဖွဲ့သည် နမ့်ဆုန် ရွာအတွင်းသို့ အရှေ့ဘက်မှ လမ်းလျှောက်ဝင်ရောက်လာသည်။ သူတို့သည် လွန်ခဲ့သည့် တပါတ်က မန်တုံမြို့နယ် ပန်လုံနှင့် မိုင်းမော် တိုက်ပွဲများမှ ပြန်လာခဲ့ကြခြင်း ဖြစ်ကြောင်း ဒေသခံ ရွာသားများ ကြားသိခဲ့ရသည်။ ရောက်ရှိလာသည့်အခါ အချို့သော တပ်ဖွဲ့ဝင်များက စစ်တန်းလျားများသို့

သွားရောက် အနားယူကြသော်လည်း အများစုမှာ ဘုရားကျောင်းနှင့် အနီးအနားရှိ ဘုရားကျောင်း ခန်းမ တို့တွင် စခန်းချနေပြီး စစ်စခန်း ဘေးနားရှိ မူလတန်းကြိုကျောင်း အခန်းကို အလွဲသုံးခဲ့ကြသည်။

နေ့ခင်း ၂ နာရီ ဂန်းကျင်။ မြန်မာစစ်တပ်မှ စစ်သား နှစ်ဦးသည် ပန်လောင့်၏ ဆိုင်သို့ ရောက်လာပြီး



ငါးအနည်းငယ်ဂယ်ယူကာ ပြန်ထွက်သွားခဲ့သည်။ ယင်းကို ပန်လောင့်အား ဆိုင်တွင် ကူညီလုပ်ကိုင်ပေးနေသည့် မိန်းကလေး "နော်နော်" က မြင်လိုက်သည်။ ထိုနေ့က စစ်သားများ ရောက်ကာစဖြစ်သည်။ စစ်သားများထဲမှ တစ်ဦးမှာ ပုခုံးတွင် တစ်ပွင့်တပ်ဆင်ထားပြီး (ဒုဗိုလ်အဆင့်ဖြစ်သည်) အသားညိုသည်။ သူက စစ်စိမ်းရောင် အကျႌနှင့် လုံချည်ကို ဂတ်ဆင်ထားခဲ့သည်။ အခြားတယောက်မှာ အသားဖြူပြီး မျက်နှာ ကျယ်ကျယ် ပြားပြား ဖြစ်ပြီး အရပ် ၅ ပေခန့်ရှိသည်။ သူက စစ်ဘောင်းဘီ ဂတ်ထားပြီး စစ်အကျႌ ပေါ်တွင် အဖြူ ရောင် အကျႌ ထပ်ဂတ်ထားသည်။ နှစ်ယောက်စလုံး လက်နက်ကိုင်ဆောင်ထားခြင်း မရှိပေ။



ပန်လောင့်၏ ဈေးဆိုင်

နေ့ခင်း ၃ နာရီ ဂန်းကျင်။ ပန်လောင့်၏ ဆိုင်သို့ စစ်သား နှစ်ဦး ပြန်လာခဲ့သည်။ သူတို့က ပန်လောင့်ကို ရွှေပြည်ဦး အသင့်သောက် လ္ဘက်ခြောက် ကို လက်ဆောင်ပေးပြီး လက်ကိုင်ဖုန်း အပေါင်ထားရန်နှင့် သူမအနေဖြင့် သူတို့ကို ၃၀၀၀၀

ကျပ်ပေးရန် တောင်းသည်။ ပန်လောင့်က သူ့အနေဖြင့် ၂၀၀၀ ကျပ်သာ ပေးနိုင်ကြောင်း ပြန်ပြောခဲ့သည်။ သူတို့ သဘောတူခဲ့ပြီး သူတို့ လစာရသည့်အခါတွင် ကျပ် ၂၀၀၀ ဖြင့် ဖုန်းကို ပြန်ရွေးယူပြီး အတိုးအဖြစ် ကျပ် ၁၀၀၀ ပေးမည်ဟု ပြောသည်။ ပန်လောင့်က ကျပ် ၅၀၀၀၀ ခန့်ရှိသော သူမ၏ ပိုက်ဆံအိတ်ထဲမှ ပိုက်ဆံကို ထုတ်ပြီး ပိုက်ဆံ လှမ်းပေးခဲ့သည်။ သူမ ကျပ် ၂၀၀၀ ကို ပိုက်ဆံအိတ်မှထုတ်သည့်အခါ စစ်သားများက သူမပိုက်ဆံအိတ်ထဲမှ အခြား ပိုက်ဆံများကို မြင်နိုင်သည်။

ထိုအချိန်တွင်စစ်သား တစ်ယောက် က ပန်လောင့်အား မေးသည်။

"နင့်ယောက်ျား ဘယ်မှာ နေလဲ။ သူဘာလုပ်သလဲ။"

ပန်လောင့်က ပြန်ဖြေသည်။ "ငါ့ယောက်ျား နမ့်ဖတ်ကာမှာ နေတယ်။ လယ်လုပ်တယ်။"

စစ်သားက မေးသည်။ "သူက နင့်ထက်ကြီးသလား။ သူက စစ်သားလား။"

ပန်လောင့်က ပြန်ဖြေသည်။ "လူတွေ ကြီးလာတဲ့အခါ၊ သူတို့ အိုလာတာပဲ။"

ထို့နောက် ဒုပိုလ်က ပြောသည်။ "သူက ပိုကြီးတယ်ဆိုရင် ငါက နင့်ယောက်ျားကို သေနတ်ကြီးနဲ့ ပစ်မယ်။"

ထို့နောက်တွင် စစ်သားများက လှက်သုပ် မှာပြီး ပန်လောင့်နှင့် နော်နော်ကို သုပ်ခိုင်းသော်လည်း အမျိုးသမီးများက သူတို့ တခြား မုန့်ရောင်းဖို့ လုပ်နေ၍ မအားကြောင်း ပြောသည်။ ထို့ကြောင့် စစ်သားများက လှက်ကို သူတို့ကိုယ်တိုင် သုပ်ပြီး ပန်းကန်တစ်ချပ်နှင့် ဆိုလာပြား တစ်ခုကို ငှားပြီး သူတို့ စခန်းရှိရာသို့ ယူပြန်သွားကြသည်။

ညနေ ၈ နာရီ ဝန်းကျင်။ စစ်သားနှစ်ဦးမှာ သူတို့ ငှားသွားသည့် ပန်းကန်နှင့် ဆိုလာပြားတို့ဖြင့် ပြန်လာကြပြီး အမျိုးသမီးကို ပြန်ပေးသည်။ ထိုအချိန်တွင် သူတို့သည် စစ်ယူနီဖောင်း ဝတ်ဆင်ထားခြင်း မရှိပါ။ သူတို့ ခေတ္တထိုင်ပြီးနောက် စစ်တပ်စခန်းရှိရာဘက်ကို ပြန်သွားခဲ့သည်။

ညနေ ၈ နာရီမခွဲမီ အချိန်။ စစ်သား နှစ်ဦးသည် အရပ်ဝတ်များဖြင့် ပန်လောင့်၏ အိမ်အနီးတွင် နေထိုင်သော ရွာသားတစ်ဦး၏ အိမ်သို့ ရောက်လာကြသည်။ တစ်ဦးက ဓါးတစ်ချောင်းကို အနောက်ဘက်တွင် ကိုင်ထားသည်။ သူတို့က မူးယစ်ဆေး ဝယ်လိုကြောင်းနှင့် သူတို့မည်သည့်နေရာတွင် ဝယ်၍ ရနိုင်သည်ကို မေးမြန်းသည်။ ရွာသားက သူ မသိကြောင်း ပြောသည်။

ညနေ ၈ နာရီခွဲဝန်းကျင်။ ပန်လောင့်နှင့် နော်နော်တို့ ညနေစာ စားနေသည့် အချိန်တွင် သူတို့ ခွေးဟောင်သံ ကြားလိုက်ရသည်။ နော်နော်က ခွေးများ အဘယ်ကြောင့် ဟောင်သည်ကို သိရန် ထွက်ကြည့်ရာ လုံချည်ဝတ် လူနှစ်ဦးကို တွေ့သည်။ သူမက (သူတို့ ယူနီဖောင်း ဝတ်မထားသော်လည်း) စစ်သားများ ဖြစ်ကြောင်း မှတ်မိသည်။ သို့သော် သူတို့မှာ ဆိုင်ကို အစောပိုင်းက လာသွားသော စစ်သားနှစ်ဦး မဟုတ်ကြပေ။ သူတို့က သူမကို မြန်မာလို မေးသည်။ "တရုတ်ရဲ့ အိမ်က ဘယ်မှာလဲ။"

သူမက တရုတ်၏ အိမ်ကို ညွှန်ပြခဲ့သည်။ ယင်းမှာ ဈေးဆိုင်၏ အနောက်ဘက် ပေ ၄၀ ခန့်တွင် ရှိသည်။ စစ်သား နှစ်ဦးထဲမှ တစ်ဦး၏ ညာဘက်လက်တွင် ကိုင်ထားသော စစ်သုံး ဓါးငယ် တစ်ချောင်းရှိသည်ကို သူမ မြင်ရသည်။

ထို့နောက် မြန်မာ စစ်သား နှစ်ဦးမှာ တရုတ်၏ အိမ်သို့ သွားပြီး မူးယစ်ဆေးဝယ်ယူရန် မေးမြန်းသည်။ သူက သူတို့ကို ကျပ် ၂၀၀၀ ဖြင့် ဘိန်းအနည်းငယ် ရောင်းပေးခဲ့သည်။ ထို့နောက် စစ်သားများ ပြန်ထွက်သွားခဲ့သည်။

ညနေ ၉ နာရီခွဲ ဝန်းကျင်။ ပန်လောင့်နှင့် နော်နော်တို့ ညစာစားပြီးသော အခါ နော်နော်သည် လှမ်းထားသော အဝတ်များကို ခေါက်သည်။ ထို့နောက် ခေါင်းအုံးကို ယူပြီး အနီးရှိ ဦးဖူနှင့် ဒေါ်လု တို့ ပိုင်သော ဆိုင်တွင် သွားအိပ်သည်။ ထိုလင်မယားမှာ နမ့်ဖတ်ကာတွင် ရောက်ရှိနေပြီး ညပိုင်းတွင် သူတို့ ဆိုင်ကို တစ်စုံတစ်ယောက်စောင့်အိပ်ရန် လိုအပ်သောကြောင့် ဖြစ်သည်။ သူမ ထွက်သွားသော အခါ ပန်လောင့်သည် လင်ဗန်းထဲတွင် လက်လုပ်မုန့်အချို့ကို ဖြန့်ခင်းလျက် ရှိခဲ့သည်။

ထိုညတွင် ည ၁၁ နာရီခန့်မှ စတင်၍ မိုးသည်းထန်စွာ ရွာသွန်းခဲ့သည်။ ရွာသားများက မိုးသံများ ကျယ်လောင်လွန်းသဖြင့် ပုံမှန်မဟုတ်သည့် မည်သည့် အသံကိုမျှ မကြားခဲ့ကြရကြောင်း ပြောသည်။

၂၀၁၉ ခုနှစ် ဇူလိုင်လ ၄ ရက်။

နံနက် ၆ နာရီခန့်။ အရပ်ဝတ်ဝတ်ထားသော မြန်မာစစ်သား တစ်ဦးသည် ဒေသခံအမျိုးသမီးတစ်ဦး၏ ဆိုင်သို့ ရောက်လာပြီး ငွေအကြွေများ(၅၀၊ ၁၀၀၊ ၂၀၀ နှင့် ၅၀၀ ကျပ်)ကို ငွေစက္ကူအကြီးများဖြင့် လဲပေးရန် ပြောသည်။ သူက စစ်သားများ ရွာမှ မကြာခင် ထွက်သွားကြမည်ဖြစ်ကြောင်း ပြောခဲ့သည်။

နံနက် ၆ နာရီခန့်။ အမိုင်ဟု ခေါ်သော အမျိုးသမီးတစ်ဦး ပန်လောင့်၏ ဆိုင်သို့ မုန့်ဝယ်ရန် ရောက်လာခဲ့သည်။ သူမက ပန်လောင့်ကို ခေါ်သော်လည်း ပြန်ထူးသံ မကြားရပေ။ ထို့နောက် သူမသည် ယန်အင်ဖူ၏ ဆိုင်သို့ သွားပြီး မုန့်ဝယ်ရန် သွားရောက်ခဲ့ပြီး နော်နော်ကို ပန်လောင့်က သူမခေါ်သည်ကို ပြန်မထူးကြောင်း ပြောခဲ့သည်။

နံနက် ၆ နာရီ ၁၅ မိနစ်ခန့်။ နော်နော်က ဦးဖူ၏ ဆိုင် မီးဖိုချောင်တွင် မီးမွှေးခဲ့ပြီးနောက် အပြင်ထွက်ပြီး ပန်လောင့်၏ ဆိုင်ကို ကြည့်ရာ ဆိုင်ရှေ့ရှိ ပလပ်စတစ် အဖီမှာ ပြီးခဲ့သည့်ညက မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေများဖြင့် အိကျနေသည်ကို တွေ့သည်။ ထို့နောက် ပန်လောင့်၏ ဆိုင်သို့ မြန်မာစစ်သားနှစ်ဦး ဆင်းလာသည်ကို သူမ တွေ့ခဲ့ရပြီး အမိုင်က ခေါ်သည်ကို ပန်လောင့်က ပြန်မထူးကြောင်း ပြောခဲ့သည်ကို သတိရသည်။

သူမသည် ပန်လောင့်၏ ဆိုင်ဘက်သို့သွားပြီး ဆိုင်ရှေ့တွင် ရပ်နေသော စစ်သားနှစ်ဦးနှင့် တွေ့ဆုံသည်။ ထိုလူနှစ်ဦးက သူတို့ ပဲငပိ တစ်ဘူး ဝယ်ချင်ကြောင်း ပြောသည်။ သူတို့ ပန်လောင့်ကို ခေါ်ကြသော်လည်း ပြန်ထူးခြင်း မရှိခဲ့ပေ။ နော်နော်က သူမ အထဲတွင် ဘုရားရှိခိုးနေသည်ဟု ထင်သည်။ သူမက ရေဖြင့် အိနေသော ပလပ်စတစ်အဖီကို ပြန်ပြင်ခဲ့သည်။ စစ်သားများထဲမှ တစ်ဦးက ဝါးထရံအကြားမှ အိမ်ထဲသို့ချောင်းကြည့်ခဲ့ပြီး မိန်းမတယောက် ကြမ်းပြင်ပေါ်တွင် လဲနေသည်ကို မြင်ရသည်ဟု ပြောသည်။ နော်နော်လည်း ချောင်းကြည့်ခဲ့ရာ ကြမ်းပြင်ပေါ်တွင် ပန်လောင့် လဲကျနေသည်။ ထိုအချိန်တွင် အရှေ့တံခါးမှာ အတွင်းမှ သော့ခပ်ထားပြီး ဆိုင်ရှေ့ကို ကာထားသော ယင်းကာတံခါးလည်း သော့ခတ်ထားသည်။ စစ်သားနှစ်ဦးက အိမ်ရှေ့တံခါးကို ခြေဖြင့် ကန်ဖွင့်ပြီး အထဲသို့ဝင်ရောက်ခဲ့သည်။

ပန်လောင့်သည် အိပ်ခန်း အပြင်ဖက်တွင် နောက်ကျောဖြင့် မြေသား ကြမ်းပြင်ပေါ်တွင် လဲကျနေသည်ကို နော်နော်တွေ့ရှိခဲ့သည်။ သူမသည် တီရှပ်နှင့် ညဝတ်ဘောင်းဘီကို ဝတ်ဆင်ထားသည်။ ညဝတ်ဘောင်းဘီမှာ သူမပေါင်ရင်းသို့လိပ်တက်နေသည်။ (ယင်းမှာ အလွန်ပင် ပုံမှန်မဟုတ်ပေ၊ သူမသည် ညဝတ်ဘောင်းဘီကို ထိုကဲ့သို့ လိပ်တင်ထားလေ့မရှိပေ) သူမ လည်ပင်းတွင် သွေးခြေဉများ ရှိပြီး ကြိုးစွဲချထားသကဲ့သို့ ရှိသည်။ သူမ၏ ဘယ်ဘက်လက်မောင်းတွင် ဓါးဒဏ်ရာကို တွေ့ရသည်။ ညာဖက်ပါးတွင် သွေးခြေဉနေသည်။ နော်နော်သည် ပန်လောင့်၏ အိပ်ခန်းအတွင်း ကြမ်းပြင်ပေါ်တွင် ကျပ်ငွေ အကြွေတချို့ ပြန့်ကျဲနေသည်ကို တွေ့ခဲ့ရသည်။

စစ်သားနှစ်ဦးက ပြောသည်။ "သူ နေမကောင်းဘူးထင်တယ်။ ငါတို့ ဆေးမှူး တစ်ယောက် သွားခေါ်မယ်"။

ထို့နောက် သူတို့နှစ်ဦးသည် စစ်စခန်းသို့ ထွက်သွားသည်။ သူတို့ထွက်သွားသောအခါ နော်နော်က ပန်လောင့်၏ ဆိုင်နောက်တွင် နေသော ဦးတာကို ခေါ်သည်။

အခြားတစ်ဦးဖြစ်သည့် ဦးကောက အခြား ရွာသားများကို ခေါ်သည်။ အခြား ရွာသားများ လာသော အခါ သူတို့ အိမ်အတွင်း ဝင်၍ အခင်းဖြစ် မြင်ကွင်းကို ကြည့်ရှု စစ်ဆေးသည်။ အိမ်အနောက်ဖက် တံခါး ပွင့်နေပြီး အနောက်တံခါးကို အတွင်းမှ ပိတ်လေ့ရှိသည့် ကြိုးမှာ ပြတ်နေသည်ကို တွေ့ရသည်။



ပန်လောင့် ခန္ဓာကိုယ် လဲကျနေသည့် နေရာ

ထိုနောက် နော်နော်က သူသိထားသည့် ပန်လောင့် ပိုက်ဆံ ထားသော ပိုက်ဆံအိတ်အပါအဝင် နေရာ သုံးနေရာကို ကြည့်သည်။ ပိုက်ဆံများ အားလုံး ပျောက်ဆုံးနေကြောင်း သူမ

တွေ့ရသည်။ ကျူးလွန်ခံရသူတွင် ထိုနေ့မတိုင်မီက စုစုပေါင်း မြန်မာငွေကျပ် သိန်း ၂၀ ခန့်ရှိကြောင်း သူမ သိထားသည်။

စစ်တပ်စခန်းမှ ဆေးမှူး ကျော်ရဲမြင့်ရောက်လာပြီး အလောင်းကို စစ်ဆေးကာ သူမသေဆုံးနေပြီဖြစ်ကြောင်း အတည်ပြုသည်။ ဆေးမှူးက ပြောသည်။ "ဆေးသမားတွေ အားလုံး သတ်ပစ်ရမယ်"။ ထို့နောက် စခန်းရှိရာသို့သူပြန်သွားသည်။

နံနက် ၇ နာရီ ဝန်းကျင်။ စခန်းမှူး မျိုးသက်တင်နှင့် စစ်သား သုံးဦး စခန်းမှ ရောက်လာသည်။ စခန်းမှူးမှာ စစ်ဝတ်စုံ ဝတ်မထား၊ သေနတ်ကိုင်ဆောင်ထားခြင်း မရှိသော်လည်း စစ်သားသုံး ဦးတွင် အားလုံး သေနတ်များ ပါကြသည်။ စခန်းမှူးက ရွာထဲမှာ ရှိတဲ့ ဆေးသမားတွေအားလုံးကို ဖမ်းမည်ဟု စိတ်ဆိုးစွာ အော်ဟစ်ပြီး ပြောသည်မှာ "ငါတို့ အမှုမှန်ပေါ်အောင် ပိုင်းရှာဖွေကြမယ်"။ သူက နော်နော်ကို ကျပ် ၅၀၀၀၀ ပေးသည်။ သူက ထိုငွေကို ယူရမည်မယူရမည် မရေမရာ ဖြစ်နေသော်လည်း ရွာလူကြီးက ယူလိုက်လို့ရကြောင်း ပြောသည်။
စခန်းမှူး က သေဆုံးသူတွင် ဆွေမျိုးများ ရှိမရှိ မေးမြန်းသည်။ ထို့နောက် သူတို့စခန်းသို့ပြန်ပြီး ဆွေမျိုးများကို ဖုန်းဆက်သည်။ ရွာလူကြီး အဒိုင်းနှင့် အခြား ရွာသား ဦးအဒီ တို့သူတို့နှင့် အတူလိုက်သွားသည်။
ထို့နောက်တွင် ရွာရှိ တရားဟောဆရာ ရောက်လာသည်။ မည်သူမျှ အလောင်းကို မထိကြပါ။ သူတို့ ဆုတောင်းရုံသာ ဆုတောင်းကြသည်။




နေ့လည် ၃ နာရီ ဝန်းကျင်။ ပန်လောင့်၏ ဆွေးမျိုးများနှင့် နမ့်ဖတ်ကာမှ အခြား ရွာသားများ ရောက်ရှိလာကြသည်။ သူတို့ဓါတ်ပုံများရိုက်ပြီး အိမ်ပတ်ဝန်းကျင်ကို ကြည့်ရှုသည်။ နောက်ဘက် တံခါးအနီးတွင် စစ်ဖိနပ်ရာတွေ့ရသည်။ ပုံမှန်အားဖြင့် အိမ်ထဲတွင်ထားသော တုတ်အကြီး တစ်ချောင်းကို အိမ်နောက်ဘက် မြေပြင်တွင် လဲကျနေသည်ကို တွေ့သည်။ တုတ်ပေါ်တွင် သွေးများ ပေနေသည်။ ရွာသားများထဲမှ တစ်ဦးက တုတ်ကို ကောက်ယူပြီး ပလပ်စတစ်ဖြင့် ထုပ်ပိုးသည်။

ညနေ ၅ နာရီခွဲ။ ဆွေမျိုးများက အလောင်းကို ကောက်ယူပြီး ကုန်တင်ကားဖြင့် တင်ဆောင်သွားကြသည်။ အလောင်းကို ရွှေ့ပြောင်းသည့် အခါ ပါးစပ်မှ သွေးများ ကျလာသည်။ ထို့နောက်ကားက အလောင်းကို နမ့်ဖတ်ကာ ဆေးရုံသို့ ယူဆောင်သွားသည်။ နော်နော်မှာ နောက်ကားတစ်စီးဖြင့် လိုက်ရန် ပြင်ဆင်ထားချိန်တွင် စခန်းတာဝန်ခံက ပန်လောင့်၏ ဆိုင်သို့ နောက်တစ်ကြိမ် ရောက်ရှိလာသည်။ သူက နော်နော်ကို သူ့ စစ်သားများထဲမှ တစ်ဦး ယခင်နေ့က လက်ကိုင်ဖုန်းကို ကျပ် ၂၀၀၀၀ ဖြင့် ပေါင်ထားသည်ကို သိကြောင်းနှင့် ဖုန်းကို သူပြန်ရွေးလိုကြောင်း ပြောသည်။
နော်နော်က ဖုန်းကို သူ့အား ပြန်ပေးရမည် မပေးရမည်ကို မသေချာပဲရှိသဖြင့် ရွာလူကြီးကို မေးရာ သူက

တပ်မှူးကို ဖုန်းပြန်ပေးလိုက်ရန် ပြောသည်။ သို့ဖြစ်ရာ သူမက သူ့အား ဖုန်းပြန်ပေးခဲ့ပြီး တပ်မှူးက သူ့အား ကျပ် ၂၀၀၀၀ ပေးသည်။

ည ၈ နာရီ ဂန်းကျင်။ ရွံ့ဗွက်ထူသော လမ်းကို ဖြတ်သန်းမောင်းနှင်ပြီးနောက်တွင် ကားများသည် နမ့်ဖတ်ကာ ဆေးရုံသို့ ရောက်ရှိလာသည်။ ဆေးရုံမှ ဆရာဂန်က နမ့်ဖတ်ကာမှ တရားဟောဆရာ အလာနှင့် စကားပြောသည်။ နမ့်ဖတ်ကာ ဆေးရုံသို့ နမ့်ဖတ်ကာမှ ရဲများ ရောက်ရှိလာပြီး လူသတ်လက်နက်ဟု ယူဆရသော တုတ်ကို ယူဆောင်သွားခဲ့သည်။ ဆရာဂန်က သူတို့ ထံတွင် ရင်ခွဲနိုင်ခြင်း မရှိကြောင်းနှင့် အလောင်းကို ကွတ်ခိုင်ဆေးရုံသို့ ယူဆောင်သွားရန် ပြောသည်။ စာရွက်စာတမ်းအတွက် အချိန်အနည်းငယ်စောင့်ဆိုင်းပြီး ကွတ်ခိုင်သို့ ထွက်ခွာခဲ့ကြသည်။ ကွတ်ခိုင်ဆေးရုံကလည်း အလောင်းကို လက်မခံသဖြင့် သူတို့လားရှိုးဆေးရုံသို့ သွားကြသည်။

၂၀၁၉ ခုနှစ် ဇူလိုင် ၅ ရက်။



ပန်လောင့် ဈေးဆိုင် အရှေ့ဖက်ခြမ်း

ပန်လောင့် ဈေးဆိုင် အနောက်ဖက်ခြမ်း



နံနက် ၁ နာရီ ခွဲ ဝန်းကျင်။ သူတို့ လားရှိုးဆေးရုံသို့ ရောက်ရှိလာပြီး စာရွက်စာတမ်းများ ပြသသည်။ ထို့နောက် ဆေးရုံဝန်ထမ်းက အလောင်းကို ရင်ခွဲရုံသို့ သယ်ဆောင်သွားသည်။ ဆရာဝန်တစ်ဦးက သူတို့ ရင်ခွဲစစ်ဆေးမှုကို မနက် ၈ နာရီတွင် ပြုလုပ်မည်ဟု ပြောသဖြင့် သူတို့ ဘုရားကျောင်းသို့ သွားရောက် အိပ်စက်ကြသည်။

မနက်ပိုင်းတွင် အချို့သူများက လားရှိုးရှိ ရဲစခန်းသို့သွားကြပြီး အချို့မှာ ဆေးရုံတွင် နေကြသည်။ လားရှိုးမှ တရားဟောဆရာနှင့် ရှေ့နေတစ်ဦး သူတို့နှင့် အတူလာရောက်ပါဝင်ခဲ့သည်။ ဆေးရုံတွင် ဆွေးမျိုးများက သေဆုံးသူ၏ နောက်ကျော၊ ညှပ်ရိုးများ၊ တင်ပါးများ၊ ဝမ်းဗိုက်နှင့် ပေါင်အပေါ်ပိုင်းတို့တွင် အညိုအမဲ အများအပြားနှင့် နံဘေးတွင် ဓါးဒဏ်ရာကို တွေ့ရသည်။

မွန်းလွဲပိုင်းတွင် ရင်ခွဲ စစ်ဆေးပြီးသော အခါ အလောင်းကို နမ့်ဖတ်ကာသို့ ပြန်လည်ယူဆောင်လာကြသည်။ နောက်နေ့တွင် ပန်လောင့်ကို နမ့်ဖတ်ကာတွင် မြှုပ်နှံခဲ့သည်။

၂၀၁၉ ခုနှစ် ဇူလိုင် ၇ ရက်။

ကွတ်ခိုင်ရှိ မြန်မာစစ်တပ် ခလရ ၄၅ မှ ဗျူဟာမှူး ဗိုလ်မှူးကြီး မျိုးဆက်အောင် နမ့်ဆုန်သို့ ရောက်ရှိလာပြီး ရွာသားများကို ခေါ်ယူ၍ နမ့်ဆုန် တပ်စခန်းတွင် တွေ့ဆုံ မေးမြန်းသည်။

သူက ယောက်ျား၊ မိန်းမများအပါအဝင် လူ ၂၀ ခန့် ကို တွေ့ဆုံမေးမြန်းပြီး မှတ်ပုံတင်များ စစ်ဆေးကာ ဓါတ်ပုံများ ရိုက်ယူသည်။ မေးမြန်းနေစဉ် အချိန် အများစုတွင် စစ်သားသုံးယောက်က မှတ်တမ်း လိုက်သည်။ ရွာလူကြီး အပါအဝင် အချို့ရွာသားများကို နှစ်ကြိမ်ခေါ်ယူ မေးမြန်းသည်။ ဒုတိယ မေးမြန်းမှုအတွင်းတွင် ရွာလူကြီးကို ရွာအတွင်း မူးယစ်ဆေးဝါး အကြောင်းမေးမြန်းသည်။ ဗျူဟာမှူးက ရွာတွင် မူးယစ်ဆေးသုံးစွဲသူက မူးယစ်ဆေး မသုံးသူထက်ပိုများသည်ဟု မှတ်ချက်ပေးပြီး ရွာလူကြီးအား မူးယစ်ဆေးဝါး နှိမ်နင်းရေး လှုပ်ရှားမှု လုပ်သင့်ကြောင်း ပြောသည်။

စစ်သားများကို ဘိန်းရောင်းပေးသော တရုတ်ရွာသားအားလည်း နှစ်ကြိမ် ခေါ်ယူ မေးမြန်းသည်။ ဒုတိယ မေးမြန်းမှုအတွင်း အရာရှိက တရုတ်ရွာသား အနေဖြင့် သူ့ထံသို့ ဘိန်းလာဝယ်သော စစ်သား နှစ်ဦး၏ မျက်နှာများကို မှတ်မိခြင်း ရှိမရှိ မေးမြန်းခဲ့သည်။ ရွာသားက စစ်သားများသည် ယူနီဖောင်းနှင့် မဟုတ်ပဲ ပုဆိုးများ ဝတ်လာကြပြီး သူ့အနေဖြင့် မျက်နှာများကို မှတ်မိခြင်း မရှိကြောင်း ဖြေကြားခဲ့သည်။ ထို့နောက် အရာရှိက သူ့အား နောင်တွင် စစ်သားများကို ဘိန်းရောင်းပေးခြင်း မပြုရန် သတိပေးပြီး နောက်တစ်ကြိမ် စစ်သားများကို ဘိန်းရောင်းချပါက သူ့ကို ဖမ်းဆီးမည်ဟု ပြောသည်။

စုံစမ်းစစ်ဆေးမှုများ ဆက်လက်၍ တိုးတက်မှု မရှိခြင်း

လွန်ခဲ့သည့် ခြောက်လ အတွင်း ပန်လောင့်၏ ဆွေမျိုးများသည် စုံစမ်းစစ်ဆေးမှု တိုးတက်မှုနှင့် ပတ်သက်၍ မည်သည်ကိုမျှ မသိရပဲ ရှိသည်။ စက်တင်ဘာလ ကုန်တွင် သိန္နီမှ မြန်မာ့တပ်မတော် ဗျူဟာမှူး အောင်မြင့်သန်းသည် နမ့်ဆုန် ရွာသားများကို ခေါ်ယူ၍ အမှုနှင့် ပတ်သက်သည့် မေးခွန်းများ ထပ်မံ မေးမြန်းခဲ့သည်။ ရဲများမှာ ယခုတိုင် နမ့်ဆုန်ရွာသို့ လာရောက်ပြီး စုံစမ်းစစ်ဆေးမှု တစ်စုံတစ်ရာ ပြုလုပ်ခဲ့ခြင်း မရှိသေးပေ။

နမ့်ဆုန် လူသတ်မှုအပေါ် ခွဲခြမ်းစိတ်ဖြာ သုံးသပ်ချက်။

အောက်ပါ အကြောင်းအချက်များအပေါ် မူတည်၍ ရရှိနိုင်သော အထောက်အထားများက ပန်လောင့်အား လုယက်မှုနှင့် သတ်ဖြတ်မှုကို ၂၀၁၉ ခုနှစ် ဇူလိုင် ၃ ရက်တွင် နမ့်ဆုန်သို့ ရောက်ရှိလာသော မြန်မာစစ်တပ်မှ စစ်သား တစ်ဦး သို့မဟုတ် စစ်သားများကကျူးလွန်ကြောင်း အခိုင်အမာ ညွှန်ပြနေသည်။

- ရွာတွင် ယခင်က အလားတူ သတ်ဖြတ်မှုမျိုး မည်သည့် အခါကမျှ မရှိခဲ့ပေ။
- ရွာထဲတွင် မြန်မာတပ်မတော် တပ်ဖွဲ့များ အများအပြား စခန်းချထားချိန်တွင် ဒေသခံ ရွာသားတစ်ဦးအနေဖြင့် ရာဇဝတ်မှုကျူးလွန်ရန်မှာ ဖြစ်နိုင်ချေ အလွန်အမင်း နည်းပါးသည်။
- ခင်းထားခြင်းမရှိသော ရွံ့ဗွက်ထူပြောသည့် လမ်းသာ ရှိသည့် ဂေးလံခေါင်ဖျားသော ကျေးရွာတွင် အခြား လူစိမ်းများ မရှိပေ။
- မြန်မာ့တပ်မတော်မှ အသစ်ရောက်လာသော စစ်သားနှစ်ဦးသည် ဇူလိုင် ၃ ရက်နေ့တွင် ပန်လောင့်၏ ဆိုင်သို့ သုံးကြိမ်လာရောက်ခဲ့ပြီး ဖုန်းကို အပေါင်ထားပြီး ပိုက်ဆံအိပ်ထဲတွင် ပိုက်ဆံ အမြောက်အများ ရှိသည်ကို တွေ့မြင်ခဲ့ကြသည်။
- အခြား မြန်မာစစ်သားနှစ်ဦး (သူတို့လည်း အသစ်ရောက်လာသူများဖြစ်သည်) ကို ရာဇဝတ်မှု ကျူးလွန်သော ညနက်ပိုင်းတွင် ပန်လောင့်၏ အိမ်အနီးပတ်ဝန်းကျင်တွင် ဓါးဖြင့် တွေ့ရှိခဲ့ပြီး သူတို့က အနီးအနားရှိ အိမ်မှ မူးယစ်ဆေးဝါးများ ဝယ်ယူခဲ့သည်။
- အိမ်၏ အနောက် တံခါးရှိ ဖုန်များတွင် စစ်ဖိနပ်ရာ ရှိနေသည်။
- မြန်မာ စစ်သား တစ်ဦးသည် အလောင်းတွေ့ရှိရသောနေ့ နံနက်စောစောတွင် ဒေသခံ ဈေးဆိုင်တွင် ကျပ်ငွေ အကြွေ အများအပြားကို ငွေစက္ကူ အရွက်ကြီးများဖြင့် လဲလှယ်ခဲ့သည်။

အမှန်တရားကို ရှာဖွေမည့်အစား စစ်အာဏာပိုင်များက သူတို့၏ စစ်သားများ အရေးယူခံရမည်ကို ကာကွယ်ရန် ကြိုးစားခဲ့ပုံ ရသည်။ ယင်းကို အောက်ပါ အချက်များအရ မြင်နိုင်သည်။

- စစ်တပ်သည် လူသတ်မှု ဖြစ်ပွားခြင်းကို တွေ့ရှိသော နေ့တွင် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ရန် နမ့်ဆုန်ရွာသို့ ရဲများကို ခေါ်ယူခဲ့ခြင်း မရှိပေ။ ရဲများသည် ပန်လောင့်၏ အလောင်းရောက်ရှိသည့် အချိန်မှသာလျှင် နမ့်ဖတ်ကာ ဆေးရုံသို့ လာရောက်ခဲ့သည်။ ယနေ့ထက်တိုင် ရဲများသည် အမှုကို စုံစမ်းစစ်ဆေးရန် နမ့်ဆုန်သို့ သွားရောက်ခဲ့ခြင်း မရှိပေ။
- နမ့်ဆုန်တွင် မျက်မြင်သက်သေများကို အသေးစိတ် မေးမြန်းမှုကို ကွတ်ခိုင်မှ မြန်မာ့ တပ်မတော် ဗျူဟာမှူးကသာ ပြုလုပ်ခဲ့သည်။
- စစ်သားများ၏ သံသယ ဖြစ်ဖွယ် အပြုအမူများကို မျက်မြင်သက်သေများက ထုတ်ဖော် ပြောဆိုခဲ့သော်လည်း တပ်မှူးက စစ်သားများကို တန်းစီစေ၍ မျက်မြင်သက်သေများအား မည်သူမည်ဂါ ဖြစ်သည်ကို ဖော်ထုတ်စေခြင်းမျိုး လုပ်ဆောင်စေခဲ့ခြင်း မရှိပေ။
- အစကတည်းကပင် စစ်တပ်မှလူများသည် ရာဇဝတ်မှုအတွက် "ဆေးသမားများ" ကို လူသိရှင်ကြား စွပ်စွဲ ခဲ့ကြသည်။
- အမှန်တကယ်အားဖြင့် ဖုန်းသည် သက်သေခံ အထောက်အထား တစ်ခု ဖြစ်သော်လည်း အလောင်းတွေ့ရှိသော နေ့တွင် တပ်စခန်းမှ တပ်မှူးသည် စစ်သားတစ်ဦး ပေါင်ထားသော ဖုန်းကို ပန်လောင့်၏ မိတ်ဆွေထံမှ ပြန်ရွေးယူခဲ့သည်။
- ရာဇဝတ်မှုကို တွေ့ရှိပြီး နှစ်ရက်အကြာတွင် ပန်လောင့်၏ အလောင်းကို စစ်ဆေးခဲ့သော ဆေးမှူးကို နယ်မြေ ပြင်ပသို့ ပြောင်းရွှေ့ပစ်ခဲ့သည်။

သို့ဖြစ်ရာ ကချင် အမျိုးသမီး အစည်းအရုံး- ထိုင်းနိုင်ငံသည် ဤမှုခင်းကို ပွင့်လင်းမြင်သာသော ရဲ စုံစမ်းစစ်ဆေးမှု ပြုလုပ်ရန် နှင့် မြန်မာစစ်တပ်အနေဖြင့် ဇူလိုင် ၃ ရက်နှင့် ၄ ရက်နေ့များတွင် နမ့်ဆုန်ကျေးရွာတွင် ရှိနေခဲ့သော စစ်သားများအား လွတ်လပ်စွာ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခြင်းကို ခွင့်ပြုပေးရန် အရေးတကြီး တောင်းဆိုလိုက်သည်။

အီးမေး: kwat.office@gmail.com
ဖုန်း:  +66(0)89 755 9892
website: kachinwomen.com

၂၀၂၀ ခုနှစ် ဇန်နဝါရီလ တွင် ထုတ်ပြန်သည်။